စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# I AM A MAGICIAN

# ကျွန်တော် မျက်လှည့်ဆရာ

ဝေဘုန်းသစ်



mgyoe.com

mgyoe.com

I AM A
Magician





KBT0001
1,500.00 KS

mgyoe.com

mgyoe.com

# I am a magician

ခေတ်ဘုန်းသစ်


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | အုပ်စု (၁) |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |
| မျက်နှာဖုံးဒီဇိုင်း | - | အမ်အက်စ်ဒီ |
| ကွန်ပျူတာဖလင် | - | ကာလာကင်း |
| စာအုပ်ချုပ် | - | သစ္စာ |

၈၀၈.၈၈

ခေတ်ဘုန်းသစ်

I am a magician/ ခေတ်ဘုန်းသစ်၊ -ရန်ကုန်၊

စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၁၂၊

စာမျက်နှာ ၃၂ မျက်နှာ၊

၁၂.၅ စင်တီ x ၁၈.၅ စင်တီ

(၁) I am a magician

၂၀၁၂ ဇန်နဝါရီလ၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁၅၀၀ ကျပ်


mgyoe.com

# I AM A Magician

ခေတ်ဘုန်းသစ်





mgyoe.com

mgyoe.com

## ကျွန်မနဲ့ မျက်လှည့်စာအုပ်

ကလေးတို့ ကိုယ်တိုင်လုပ်လို့ရတဲ့ လွယ်လည်းလွယ်၊ အန္တရာယ်လည်းမရှိတဲ့ ဒီမျက်လှည့်စာအုပ်လေးကို နိုင်ငံခြားစာအုပ်တွေရောင်းတဲ့ စာအုပ်ဆိုင်တစ်ဆိုင်က ကျွန်မ ရလာခဲ့ပါတယ်။ ကျွန်မရဲ့ ကိုယ်တွင်းတစ်နေရာမှာ ပုန်းနေခဲ့တဲ့ အတိတ်က အံ့ဩပျော်ရွှင်ခဲ့ရမှုများဟာ ဒီစာအုပ်လေးကို ကျွန်မ တွေ့လိုက်ရတဲ့အချိန်မှာပဲ တစ်ဖန်ပြန်ပြီးတော့ နိုးထအသက်ဝင်လာခဲ့တယ်။ ဟုတ်ကဲ့။ ကျွန်မ မျက်လှည့်ကြိုက်ပါတယ်။ မြေဆေးရောင်းတဲ့ လမ်းဘေးမျက်လှည့်ဝိုင်းများကို စည်းကမ်းကြီးလှတဲ့ ကျွန်မအိမ်ကြောင့် တစ်ခါမှ မကြည့်ခဲ့ဖူးပေမယ့် ကျွန်မဟာ မျက်လှည့်နဲ့ မစိမ်းတဲ့သူဖြစ်ခဲ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မရဲ့ ဘကြီးနှစ်ယောက်ဟာ မျက်လှည့်ဝါသနာအိုးများ ဖြစ်လို့ပါ။ သူတို့မှာ စိတ်ဝင်စားစရာအင်မတန်ကောင်းတဲ့ စုံစီနဖာထည့်တဲ့ အိတ်ကလေးလည်း ရှိကြတယ်။ ကျွန်မ အင်မတန်ကိုင်ချင်ပေမယ့် ဘယ်တော့မှ ကျွန်မကို ပေးမကိုင်တဲ့ မျက်လှည့်ပစ္စည်းတွေ ထည့်တဲ့အိတ်လေးပေါ့။ သိပ်ကိုမှ စိတ်ဝင်စားစရာကောင်းတဲ့ အိတ်လေးပါ။ ဘကြီးနှစ်ယောက်က စိတ်လိုလက်ရရှိတိုင်းမှာ ကျွန်မတို့ကို မျက်လှည့်ပြလေ့ရှိတယ်။ ခပ်ငယ်ငယ်တုန်းကတော့ သူတို့ပစ္စည်းတွေ ဖျောက်ဖျောက်ပြတာကို ကြည့်ပြီးတော့ အံ့ဩရပါတယ်။ ဘကြီးနှစ်ယောက်ဟာ အဘွားပြောတဲ့ ပုံပြင်တွေထဲကလို တန်ခိုးရှင်လိုလို၊ မှော်အစွမ်းတွေပဲ ရှိသလိုလို စိတ်ထဲကတွေးထင်လို့ပေါ့။

ဘကြီးနှစ်ယောက်မှာ တစ်ယောက်က ကလေးတွေရဲ့စိတ်ကို နားလည်သူမို့ ကျွန်မကို မျက်လှည့်ရဲ့သဘာဝကို ရှင်းပြပါတယ်။ မျက်လှည့်ဆိုတာ ကြည့်နေတဲ့ ပရိသတ်ရဲ့ရှေ့မှာတင် လှည့်စားရတဲ့ ပညာတဲ့။ ဘယ်လို ပညာသားပါပါနဲ့ လှည့်စားသလဲဆိုတာကို စဉ်းစားယူရတာကိုက မျက်လှည့်ရဲ့ အရသာပဲတဲ့။ မျက်လှည့်ပညာကို သိထားသူတစ်ယောက်ဟာ အကွက်ချပြီးတော့ လိမ်တတ်တဲ့ တန်ခိုးရှင်လိုလို၊ မှော်ဆရာလိုလို လူတွေရဲ့ အလိမ်ကို မခံရတော့ဘူးတဲ့။ ဘကြီးက ကျွန်မတို့ကလေးတွေကို ဘယ်အရာမဆို စဉ်းစားပြီးယုံဖို့၊ ကိုယ့်ရဲ့ မျက်စိရှေ့မှာတင် လုပ်လိုက်တာပဲ ဆိုပေမယ့် အမြင်ရဲ့နောက်မှာ လျှို့ဝှက်တဲ့အံ့ဝှက်လေးတွေ ရှိသေးကြောင်းကို သေသေချာချာ ရှင်းပြပါတယ်။ မျက်လှည့်ကြိုက်သူ ကျွန်မဟာ အကြီးစားမျက်လှည့်ဆန်ဆန်

mgyoe.com

mgyoe.com
တန်ခိုးပြမှုတွေကို ဘဝခရီးတစ်လျှောက်မှာ တွေ့ရပေမယ့်လည်း နောက်ကွယ်က မြုပ်ကွက်ကို စဉ်းစားတတ်လာခဲ့ပြီမို့ စုံလုံးကန်းယုံကြည်မှုတွေ မဖြစ်လာတော့ပါဘူး။

အခု ကျွန်မ ဘာသာပြန်ထားတဲ့စာအုပ်လေးကို စာအုပ်ဆိုင်မှာတွေ့တဲ့အခါ ကျွန်မရဲ့ မျက်လှည့်သွေးလေးက တစ်ဖန် ပြန်နွေးလာတော့တယ်။ ကျွန်မရဲ့ လေးနှစ်အရွယ်သား ကလေးဟာ ကျွန်မ ငယ်ငယ်ကလိုပဲ မျက်လှည့်ကြိုက်ပါတယ်။ သားဟာ ဟက်ပီးဝါးက မျက်လှည့်တွေကို ကြည့်ပြီး အံ့သြသဘောကျတတ်နေပြီမို့ သူ့အတွက် ဒီစာအုပ်လေးကို လက်ဆောင်ဝယ်ပေးမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ အမှန်ပြောရမယ်ဆို ကျွန်မက မျက်လှည့်သာ ကြည့်ဖူးတာ မျက်လှည့်တစ်ခါမှ ပြဖူးတာ မဟုတ်ပါဘူး။ သားက ဧရာတ်ကောင်းမျက်လှည့်က လွှဲရင် ကျွန်တာကို ကိုယ်တိုင်လုပ်ကြည့်ဖို့ ငယ်လွန်းသေးတာမို့ သားကို ပရိသတ်လုပ်ခိုင်းကာ ကျွန်မကိုယ်တိုင်ပဲ မျက်လှည့်ဆရာမကြီး လုပ်ရတော့တာပဲ။ သားကတော့ တခစ်ခစ်ရယ်ရင်း သဘောတွေကျလို့။ မေမေ မျက်လှည့်ပြတမ်း ကစားမယ်လို့ချည်း ပူဆာတော့တာပဲ။ သားကို မျက်လှည့်ပြရင်းနဲ့ပဲ ဒီမျက်လှည့်ဟာ ကိုးနှစ်၊ ဆယ်နှစ်အရွယ် (middle child-hood)လေးတွေ ကိုယ်တိုင်လုပ်လို့ရတဲ့မျက်လှည့်မို့ ဘာသာပြန်ပြီးထည့်ရင် ကောင်းမယ်လို့ စဉ်းစားမိပါတယ်။ ဒါကြောင့် ဂျူနီယာမဂ္ဂဇင်းမှာ ကျွန်မ လစဉ်မျက်လှည့်လေးတွေကို တစ်ခန်းချင်း ဘာသာပြန်ဖြစ်ခဲ့တယ်။ သားနဲ့ အတူတူ မျက်လှည့်ပြလိုက်၊ စာရေးလိုက်ပေါ့။ ဒီစာအုပ်ကို ဘာသာပြန်တဲ့အခါမှာ ကျွန်မကိုယ်တိုင်လုပ်လို့ မရတဲ့ မျက်လှည့်တစ်ခန်းကိုတော့ ဝမ်းနည်းစွာပဲ ချန်ထားခဲ့ရပါတယ်။ အင်္ဂလိပ်လို ဘာသာပြန်ပြီး ထည့်လိုက်ရင် ရတာမှန်ပေမယ့် ကျွန်မကိုယ်တိုင် လုပ်လို့မရတဲ့ဟာကို ကလေးတွေကို လုပ်ခိုင်းဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးလို့ ထင်လို့ပါ။

ဒီစာအုပ်လေးဟာ ရှစ်၊ ကိုး၊ တစ်ဆယ်အရွယ်ကလေးတွေအတွက်လို့ ဆိုပေမယ့် သုံးလေးနှစ်အရွယ် ကလေးမေမေတို့လည်း ကလေးတွေကို မေမေတို့ ကိုယ်တိုင်လုပ်ပြလို့ ရပါတယ်။ ကလေးရော၊ လူကြီးပါ စိတ်ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်နဲ့ လုပ်လို့ရတဲ့ မျက်လှည့်တွေပါပဲ။ ကလေးနဲ့အတူတူ ဘာလုပ်ရမှန်းမသိဘဲ ပျင်းနေတဲ့ မေမေတို့ အပျင်း လည်းပြေ၊ ပျော်လည်းပျော်ရတဲ့ မျက်လှည့်လေးတွေကို ကလေးနဲ့အတူတူ လုပ်ကြည့်ပါဦး။ ပျော်ရမှာ သေချာပါတယ်။

**ခေတ်ဘုန်းသစ်**

mgyoe.com

# အကြွေစေ့လေး ဘယ်ရောက်သွားလဲ

**လိုအပ်သောပစ္စည်းများ**

- အကြွေစေ့
- လေးထောင့်ပုံစံ စက္ကူတစ်ရွက်

ကလေးတို့ရေ ....


ဒီတစ်ခါပြမယ့် မျက်လှည့်ကတော့ အနားလေးဘက်ညီညီ ဖြတ်ထားတဲ့ စာရွက်တစ်ရွက်ရယ်၊ အကြွေစေ့လေးတစ်စေ့ရယ် ရှိရင်ပြလို့ရတဲ့ မျက်လှည့်လေးကွယ်။

**1**




၁။ ပထမဆုံးကလေးတို့ လုပ်ရမှာက လေးထောင့်စာရွက်လေးကို ပုံမှာပြထားတဲ့အတိုင်း ဘယ်ဘက်လက်နဲ့ ကိုင်ထားပါ။ အကြွေစေ့ကိုတော့ ညာဘက်လက်မှာ ကိုင်ထားပါ။

**2**



၂။ မျက်လှည့်ကြည့်မယ့် ပရိသတ်တွေရဲ့ ရှေ့မှာပဲ အကြွေစေ့ကို ဘယ်ဘက်လက်နဲ့ ဖိထားပြီး စက္ကူထဲကို ထည့်ပြပါ။

**3**



၃။ ပုံမှာပြထားတဲ့အတိုင်း စက္ကူကို အောက်က နေပြီး ခေါက်လိုက်ပါ။ အဲဒီမှာ ကလေးတို့ သတိထားရမှာက တစ်ဝက်အထိ မခေါက်မိဖို့ပဲ။ လက်တစ်လုံးစာလောက် ချန်ပြီး ခေါက်ဖို့ မမေ့ကြနဲ့နော်။

**4**



၄။ ပြီးရင် ညာဘက်စွန်းကို နောက်ဘက်ကို ခေါက်ပါ။

**5**




၅။ ဘယ်ဘက်စွန်းကိုလည်း နောက်ဘက်ကို ခေါက်ပါ။

mgyoe.com

mgyoe.com

6



၆။ အပေါ်ကထွက်နေတဲ့ အစလေးကိုလည်း နောက်ကို ခေါက်ပါ။

7



၇။ ပြီးပြီဆိုရင် ကြည့်နေတဲ့ ပရိသတ်တွေရှေ့မှာပဲ မျက်လှည့်ဆရာကြီးက အပ်ချလောင်းလို့အော်ပြီး စက္ကူလေးကို ရှေ့နောက်လှုပ်ရမ်းလိုက်ပါ။ အကြွေစေ့ ကလေးက မျက်လှည့်ပြသူကလေးတို့ရဲ့ လက်ဖဝါး ထဲကို တိတ်တိတ်လေး ထွက်ကျလာပါလိမ့်မယ်။

8



၈။ လက်ဖဝါးထဲကကျလာတဲ့အကြွေစေ့ကို ကြည့်နေတဲ့ ပရိသတ်တွေမမြင်အောင် သတိထားပြီး စက္ကူကို ဖြဲပြလိုက်ပါ။





ဟော .... ကြည့်နေတဲ့ပရိသတ်တွေက သူတို့ မျက်စိရှေ့တင် ထည့်ထားတဲ့ အကြွေစေ့ ဘယ် ရောက်သွားလဲလို့ အံ့ဩနေကြမှာ အမှန်ပါပဲ။ ဒါပေမဲ့ ကလေးတို့ သတိထားရမှာက ကလေး တို့ရဲ့ လက်ဖဝါးထဲက အကြွေစေ့ကို ကြည့်နေတဲ့ ပရိသတ်တွေ မမြင်စေဖို့ပဲဗျယ်။

mgyoe.com

# သားရေပင်လေး
## ဘယ်လိုခုန်သလဲ

ကလေးတို့ရေ ....
ဒီတစ်ခါတင်ပြမယ့် မျက်လှည့်ကလေးကတော့ ....
သားရေပင်လေးတစ်ကွင်းရှိရင် ပြလို့ရမယ့် မျက်လှည့်လေးပဲကွယ်။ ကျောင်းမှာ၊ အိမ်မှာ၊ ဘယ်နေရာမှာမဆို သားရေပင်လေးတစ်ကွင်းရှိရင် ပြလို့ရတယ်။ သားရေပင်လေးတစ်ပင်နဲ့ သူငယ်ချင်းတွေကို အံ့ဩသွားအောင် လုပ်လို့ရတဲ့ မျက်လှည့်လေးကို
ဘယ်လိုလုပ်သလဲဆိုတာ ကြည့်ရအောင်နော်။

### လိုအပ်သောပစ္စည်းများ

- သားရေပင်တစ်ကွင်း



1

၁။ ပထမဆုံး ကလေးတို့ရဲ့ ဘယ်ဘက်လက်က လက်ညှိုးနဲ့ လက်ခလယ်ကို ပုံမှာ ပြထားတဲ့ အတိုင်း သားရေကွင်းစွပ်ထားပါ။



2

၂။ ပြီးရင် ညာဘက်လက်နဲ့ သားရေကွင်းကလေးကို ဆွဲပါ။





mgyoe.com

mgyoe.com



3

၃။ ပြီးရင် ရှေ့ဖက်ကို ဆွဲပြီး လက်လေးချောင်းလုံး သားရေကွင်းထဲကို ဝင်အောင် ထည့်လိုက်ပါ။



4

၄။ သူငယ်ချင်းတွေ အံ့သြသွားအောင် အပ်ချလောင်းလို့ အော်ပြီး ကလေးတို့ရဲ့ လက်ဝါးလေးကို ဖြန့်လိုက်မယ်ဆိုရင် အံ့သြဖွယ်ကောင်းအောင်ပဲ သားရေပင် ကလေးဟာ လက်သူကြွယ်နဲ့ လက်သန်းလေးဘက်ဆီကို ခုန်ကူးသွားတာ တွေ့ရမယ်ကွဲ့။



mgyoe.com

# ငရုတ်ကောင်း

# မျက်လှည့်

mgyoe.com

## လိုအပ်သောပစ္စည်းများ

- ရေ
- ငရုတ်ကောင်း
- ဆပ်ပြာ
- ခွက်တို့ပါပဲ။

ကလေးတို့ရေ ....

ကလေးတို့ မျက်လှည့်ပွဲကြည့်ဖူးလား။ တက်ဗီးဗီးကစားကွင်းမှာ ၊ ဒါမှမဟုတ် လမ်းဘေး မျက်လှည့်ဝိုင်းတွေမှာ မျက်လှည့်ပွဲတွေကြည့်ရင် ကလေးတို့ သိပ်အံ့သြကြတယ် မဟုတ်လား။ ဘယ်လိုလုပ်လိုက်ပါလိမ့်။ ဘယ်လိုဖြစ်သွားပါလိမ့်နဲ့ အဖြေကို စဉ်းစားမရ ဖြစ်ကြတယ်နော်။ မျက်လှည့်ဆရာကြီးတွေဟာ စုန်းမင်းလို၊ ပါဝါရှိနိုးဂျားလို၊ ဒါမှမဟုတ် မှော်ဆရာကြီးတွေလို အစွမ်းရှိသူတွေပဲလို့ ကလေးတို့ ထင်တတ်ကြတယ်။ တကယ်တော့ မျက်လှည့်ဆရာကြီး တွေဟာ ကလေးတို့လို သာမန်လူတွေပါပဲ။ မိုးပေါ်ကနေပြီး ဘယ်လိုအစွမ်းမှရလာတဲ့သူတွေ မဟုတ်ပါဘူး။ မျက်လှည့်ဆိုတာဟာ မျက်စိ (မျက်လုံး)ကို လှည့်စားရတဲ့ ပညာမို့ သင်ချင်တဲ့သူတိုင်း သင်လို့ရတာ မဟုတ်ဘူးကွယ့်။

တဲ ... ကလေးတို့ရော မျက်လှည့်ဆရာကြီးတွေ မဖြစ်ချင်ဘူးလား။ သူငယ်ချင်းတွေ၊ ဖေဖေမေမေတို့တတွေပါ အံ့သြသွားရအောင် မျက်လှည့်ပြတဲ့နည်းလေးကို ကိုယ်တိုင်လုပ်ကြည့်ကြရ အောင်နော်။ ဒီမျက်လှည့်ပွဲလေး နာမည်ကတော့ ...

'ငရုတ်ကောင်းမျက်လှည့်' ပါတဲ့။

**1**



၁။ ပထမဆုံးကလေးတို့လုပ်ရမှာက မျက်လှည့်ပွဲကြည့်မယ့် လူတွေမသိအောင် အသာလေး၊ တိတ်တိတ်လေး လက်ကို ဆပ်ပြာ သုတ်ထားဖို့ပါပဲ။ အဲဒါကိုတော့ မေ့လို့ မရဘူးနော်။

**2**



၂။ နံပါတ် ၂ က မျက်လှည့်ကြည့်တဲ့သူတွေ ရှေ့မှာပဲ ရေတစ်ခွက်ခပ်၊ ပြီးတော့ ရေထဲကို ငရုတ်ကောင်းမှုန့် ဖြူးပြပါ။

**3**



၃။ မျက်လှည့်ပွဲကြည့်တဲ့သူတွေထဲက တစ်ယောက်ယောက် (ကလေးတို့ သူငယ်ချင်း)ကို ခေါ်ပြီး ရေနဲ့ ငရုတ်ကောင်းမှုန့်ကို လက်နဲ့ ထိုးပြီးကွဲ အောင် ခွဲခိုင်းပါ။



ကလေးတို့ရေ ....

မျက်လှည့်ဆိုတာ ဖုံးထားတဲ့ လျှို့ဝှက်ချက်ကိုသိရင် လွယ်လွယ်လေးပဲ မဟုတ်လား။ ကျောင်းမှာ ... အိမ်မှာ သူငယ်ချင်းတွေ ညီ၊ ညီမလေးတွေကို ကလေးတို့ မျက်လှည့်ပြတဲ့အခါမှာ ဆပ်ပြာသုတ်ထားတဲ့ လက်နဲ့ ဆပ်ပြာမသုတ်ထားတဲ့လက်ကို တော့ မှားမထည့်မိဖို့ အရေးကြီးတယ်နော်။



mgyoe.com

mgyoe.com

4



5



၄။ သူတို့ စိတ်ကျေနပ်အောင် ခွဲပြီးပြီဆိုမှ မျက်လှည့်ဆရာကြီးက ခွဲပြပါမယ်ဆိုပြီး “အပ်ချလောင်း”လို့ အော်လိုက်ပါ။

၅။ ခုနက ကလေးတို့ရဲ့ ဆပ်ပြာသုတ်ထားတဲ့ လက်ကို ရေခွက်ထဲနှစ်လိုက်တဲ့အခါမှာတော့ အံ့ဩစရာကောင်းအောင် ငရုတ်ကောင်းမှုန့်လေးတွေဟာ မျက်လှည့်ဆရာကြီးကို ကြောက်ပြီး ဘေးကို ကပ်ပြေးသွားပါလိမ့်မယ်။



mgyoe.com

# အကြွေစေ့လေး
# ဖျောက်ပြမယ်

**လိုအပ်သောပစ္စည်းများ**

- အကြွေစေ့
- လေးထောင့်ပုံစံ စက္ကူတစ်ရွက်

ကလေးတို့ရေ ....
ဒီတစ်ခါပြမယ့် မျက်လှည့်လေးကတော့ သားရေပင်လေးတစ်ကွင်းကို ပုံမှာပြထားတဲ့အတိုင်း ကလေးတို့ရဲ့ ညာလက်ထဲမှာ ကြည့်နေတဲ့ ပရိသတ်တွေမသိအောင်လို့ တိတ်တိတ်လေး စွပ်ထားရမယ်နော်

1



၁။ ပထမဆုံး မျက်လှည့်မပြခင်မှာ ... သားရေပင်လေးတစ်ကွင်းကို ပုံမှာပြထားတဲ့အတိုင်း ကလေးတို့ရဲ့ ညာလက်ထဲမှာ ကြည့်နေတဲ့ ပရိသတ်တွေ မသိအောင်လို့ တိတ်တိတ်လေး စွပ်ထားရမယ်နော်။






mgyoe.com

2

mgyoe.com





၂။ ပြီးရင် အဲဒီအပေါ်ကနေ လက်ကိုင်ပဝါကို အုပ်ထားပါ။ ကလေးတို့ရဲ့ ဘယ်ဘက်လက်နဲ့ အကြွေစေ့ကလေးကို ယူပြီးတော့ လက်ကိုင်ပဝါထဲကို ထည့်လိုက်ပါ။


3





၃။ သားရေပင်စွပ်ထားတဲ့ လက်ချောင်းလေးတွေကို ကွေးလိုက်တဲ့အခါ ပိုက်ဆံအကြွေစေ့လေးက သားရေပင်ကွင်းထဲကို ပုံမှာပြထားတဲ့အတိုင်း ဝင်သွားတာကို တွေ့လိမ့်မယ်။ (ပရိသတ်ကတော့ သားရေပင်အောက်မှာရှိတာကို မသိတာမို့ သိမှာ မဟုတ်ဘူး)

4



၄။ ပြီးရင် ကလေးတို့ လက်ကိုင်ပဝါထောင့်စွန်းကလေးကို ကိုင်ပြီးတော့ လက်ကိုင်ပဝါကို လှုပ်ခါပြလိုက်ပါ။ အကြွေစေ့လေး ကျမလာဘဲ လက်ကိုင်ပဝါထဲမှာ ဘယ်လိုပျောက်သွားမှန်း မသိတာမို့ ပရိသတ်တွေ အံ့သြတကြီးဖြစ်မှာ သေချာပါတယ်။



mgyoe.com

# ရောင်စုံဖယောင်းတောင့် မျက်လှည့်

လိုအပ်သောပစ္စည်းများ

- ရောင်စုံဖယောင်းတောင့်

ကလေးတို့ရေ ....


ဒီတစ်ခါ ကလေးတို့ပြရမယ့် မျက်လှည့်ကလေးကတော့ သူငယ်ချင်းတွေ သိပ်ကိုမှ အံ့သြသွားမယ့် မျက်လှည့်လေးပေါ့ကွယ်။ 'ဟာ...၊ မျက်လှည့်ဆရာကြီးဆီမှာ ဘယ်လို အစွမ်းတွေ ရှိနေပါလိမ့်' ဆိုပြီး အံ့သြတကြီး ဖြစ်သွားစေမယ့် မျက်လှည့်လေးပဲကွယ့်။

အဲဒီမျက်လှည့်ပွဲတွေအတွက် လိုအပ်တဲ့ပစ္စည်းတွေကတော့ ကလေးတို့ ပုံဆွဲနေတဲ့ ရောင်စုံဖယောင်းတောင့်လေးတွေပါပဲ။ အဲဒီပုံဆွဲ ဖယောင်းတောင့်ရောင်စုံ (crayon) လေးတွေရှိရင် မျက်လှည့်ပြလို့ရပြီ။

ကဲ ... မျက်လှည့်ပွဲလေး လုပ်ကြည့်ရအောင်....



1




၁။ ကလေးတို့ရဲ့ သူငယ်ချင်း (ပွဲကြည့်တဲ့ထဲက) တစ်ယောက်ယောက်ကိုခေါ်ပြီး ရောင်စုံဖယောင်းတောင့်တွေထဲက ကြိုက်တဲ့တစ်တောင့်ကို ရွေးခိုင်းပါ။ (မျက်လှည့်ဆရာကြီး မမြင်အောင် ရွေးခိုင်းရမှာနော်)







mgyoe.com

2




၂။ မျက်လှည့်ပြမယ့်ကလေး (မျက်လှည့်ဆရာ)က လက်ကို နောက်ပစ်ထားပါ။ ညာဘက်လက်ထဲကို ရွေးထားတဲ့ ဖယောင်းတောင့်လေးကို ထည့်နိုင်းပါ။ ပြီးရင် ပရိသတ်နေရာမှာ သူ့ကို ပြန်ထိုင်နိုင်းပါ။

3



၃။ ပါးစပ်ကနေ ပရိသတ်အာရုံစိုက်မိအောင် "အပ်ချုလောင်း" လို့ အော်နေတုန်း ဘယ်ဘက်လက်မရဲ့ လက်သည်းခွံပေါ်ကို ဖယောင်းတောင့်နဲ့ ခြစ်ပြီး မှတ်လိုက်ပါ။

4



၄။ ပြီးရင် လက်မကို အတွင်းထဲဝှက်ပြီး လက်သီးဆုပ်ပါ။ ခဲတံကို ပြန်လာယူနိုင်းလိုက်ပါ။

5



၅။ ပရိသတ်လက်ထဲမှာ ဘာမှမရှိကြောင်း လက်ဖြန့်ပြတဲ့အချိန်မှာတော့ မှတ်သားထားတဲ့လက်သည်းခွံပေါ်က အရောင်ကို ကြည့်ပြီး ဘာအရောင်လက်ထဲ လာထည့်သွားတယ်ဆိုတာကို ခပ်တည်တည်နဲ့ ကလေးတို့ ပြောနိုင်ပါပြီ။

သူငယ်ချင်းတွေကတော့ မကြည့်ဘဲနဲ့မြင်ရတဲ့ ကလေးတို့ရဲ့ အစွမ်းကိုအံ့ဩရင်း ပြောမဆုံးအောင် ဖြစ်နေကြမှာပဲနော်။



# မကြည့်ဘဲနဲ့ သိတယ်တဲ့

## လိုအပ်သောပစ္စည်းများ

- ဖဲထုပ်တစ်ထုပ်

ကလေးတို့ရေ ....

မျက်လှည့်ပွဲတွေထဲမှာ အမြဲပါနေတဲ့ မျက်လှည့်တစ်ခုကတော့ ဖဲမျက်လှည့်ပဲကွယ့်၊ ဖဲချပ်ကလေးတွေနဲ့ပြတဲ့ မျက်လှည့်လေး ပေ့ါကွယ်။ ကြည့်နေတဲ့ ပရိသတ်ထဲက နှစ်ယောက်ကိုခေါ်ပြီး ကြိုက်တဲ့ဖဲချပ်နှစ်ချပ်ကို ယူခိုင်း၊ ပြီးတာနဲ့ အဲဒီနှစ်ချပ်ကို ဖဲထုပ်ထဲပြန်ရောပြီး ဖဲအပွင့်ကို ပြောနိုင်တဲ့မျက်လှည့်မျိုး ကလေးတို့ ကြည့်ဖူးကြသလား။ အကြောင်းမသိတဲ့အခါမှာ အံ့သြစရာ အင်မတန်ကောင်းပေမယ့် ဘယ်လိုလုပ်ရသလဲဆိုတာကို သိသွားရင် လွယ်လွယ်လေးပါပဲ။ လိုအပ်တဲ့ ပစ္စည်းတွေက ....

ဖဲထုပ်တစ်ထုပ်တည်းပါ....။

1





ကဲ ... အဲဒီဖဲချပ်နှစ်ချပ်ကို မျက်လှည့်ဆရာကြီးက ပြောလိုက်တဲ့အခါမှာတော့ ကြည့်နေတဲ့ ပရိသတ်တွေ အကုန်လုံး အံ့သြသွားမှာ အမှန်ပါပဲ။

၁။ ဖဲထုပ်တစ်ထုပ်ကို ပုံမှာ ပြထားတဲ့အတိုင်း မှောက်လျက်ဖြန့်ပြီး ကိုင်ထားပါ။ ပွဲကြည့်ပရိသတ်ထဲက သူငယ်ချင်းနှစ်ယောက်ကို ခေါ်ပြီး အဲဒီ ဖဲထုပ်ထဲက ကြိုက်တဲ့နှစ်ချပ်ကို ယူခိုင်းလိုက်ပါ။

2








၂။ ပုံမှာပြထားတဲ့အတိုင်း ဖဲချပ်တွေကို မကြည့်ဘဲ စုလိုက်ပါ။ အပေါ်ဆုံးအချပ်ကို ပုံမှာ ပြထားတဲ့အတိုင်း မှောက်လိုက်ပါ။

3



၃။ မှောက်ပြီးပြီဆိုရင်တော့ ဖဲချပ်အပွင့်တွေကို မျက်လှည့်ပြသူ ကလေးရဲ့ဘက်ကိုလှည့်ပြီး ထပ်လိုက်ပါ။ အပေါ်ဆုံးအချပ်ကို မှောက်ထားတဲ့အတွက် ဖဲချပ်အားလုံးမှောက်ထားတယ်လို့ ထင်ရပါမယ်။

4



၄။ ခုနက မျက်လှည့်ကြည့်နေတဲ့ သူငယ်ချင်းနှစ်ယောက် ယူထားတဲ့ ဖဲချပ်နှစ်ချပ်ကို မှောက်ပြီး ဖဲချပ်တွေကြားထဲကို ထိုးထည့်လိုက်ပါ။

5



၅။ အပေါ်ဆုံးက မှောက်ထားတဲ့ဖဲချပ်ကို ပြန်လှန်ပြီးရင် ဖဲချပ်တွေကို ကြည့်နေတဲ့သူတွေရှေ့မှာပဲ ဟိုပြောင်း၊ ဒီရွှေ့ လုပ်ပါ။

6





၆။ ကျေနပ်အောင် ဟိုပြောင်းသည်ရွှေ့လုပ်ပြီးလို့ အားရရင်တော့ ဖဲချပ်ကလေးတွေကို လက်ထဲမှာ ဖြန့်ကြည့်လိုက်မယ်ဆိုရင် ....

မှောက်ထားတဲ့ဖဲချပ်တွေကြားထဲမှာ သူငယ်ချင်းနှစ်ယောက် ယူထားဖူးတဲ့ ဖဲချပ်ကလေးနှစ်ချပ်ကို ကလေးတို့ တွေ့ရပါလိမ့်မယ်။



mgyoe.com

# နားရွက်နောက်ထဲက အကြွေစေ့လေး ဘယ်လိုထွက်လာသလဲ


## လိုအပ်သောပစ္စည်းများ

- အကြွေစေ့တစ်စေ့
- တိပ်အကြည်တစ်ခွေ

ကလေးတို့ရေ ....

မျက်လှည့်ဆရာကြီးရဲ့ နားရွက်နောက်ကနေပြီး အကြွေစေ့ကလေး ဘယ်လိုများထွက်လာသလဲဆိုတာကို မသိချင်ဘူးလား။ သူငယ်ချင်းတွေအားလုံး မျက်လုံးဝိုင်းပြီး အံ့ဩသွားအောင်လို့ ကလေးတို့ ကိုယ်တိုင်မျက်လှည့်ဆရာကြီးလုပ်ပြီး ပြကြည့်ရအောင်နော်။ လိုအပ်တဲ့ ပစ္စည်းတွေကတော့ အကြွေစေ့တစ်စေ့ရယ်၊ တိပ် အကြည်တစ်ခွေရယ် ပါပဲ။

1



၁။ ပထမဆုံး ကလေးတို့လုပ်ရမှာက မျက်လှည့်ကြည့်နေတဲ့ ပရိသတ်တွေမသိအောင် တိပ်အပိုင်းကလေးကို နှစ်ခေါက်ခေါက်ပြီး တစ်ဖက်ကို လက်ခုံမှာကပ်၊ နောက်တစ်ဖက်ကို အကြွေစေ့ကလေးမှာ ကပ်ထားပါ။ ပုံမှာ ပြထားတဲ့ အတိုင်းပေါ့။

2



၂။ သေချာအောင် ကပ်ပြီးပြီဆိုရင်တော့ ကြည့်နေတဲ့ ပရိသတ်ကို လက်ဖဝါးထဲမှာ ဘာမှမရှိဘူးဆိုတာကို သေချာသိသွားအောင် ဖြန့်ပြလိုက်ပါ။

3



၃။ ကြည့်နေတဲ့ ပရိသတ်တွေ အာရုံစိုက်မိအောင် နားရွက်နောက်ကနေပြီး အကြွေစေ့လေးထုတ်ပြဖို့အတွက် လက်က နားနောက်ကို ကပ်လိုက်တဲ့အခါမှာ ကလေးတို့ရဲ့ ပါးစပ်ကနေပြီးတော့ "ဥုံ ဖွ စသည်ဖြင့်" တစ်ခုခုကို ရွတ်ဆိုနေပါ။





mgyoe.com




၄။ ပြီးရင် အကြွေစေ့ကလေးကို လက်မနဲ့တွန်းပြီး ရွှေ့ယူပါ။ အဲဒီအဆင့်ကို ကလေးတို့ မျက်လှည့်မပြခင် အိမ်မှာ ကတည်းက အကြိမ်ကြိမ်လေ့ကျင့်ထားဖို့ လိုပါတယ်။




၅။ အကြွေစေ့လေးယူလို့ရပြီဆိုရင်တော့ နားရွက်နောက်ထဲကနေ ထွက်လာတဲ့အကြွေစေ့လေးကို ပရိသတ်တွေ အားလုံး အံ့သြတကြီးနဲ့ တွေ့ရပါလိမ့်မယ်။

